# အာရှ ပစိဖိတ်ဒေသအတွင်းရှိ ကျောင်းနှင့်သက်ဆိုင်သော ကျား/မ၊ လိင်ပေါ်တွင်မူတည်၍ အကြမ်းဖက်မှု

အာရှ ပစိဖိတ်ဒေသအတွင်းရှိ ကျောင်းတွင်း ၊ကျောင်းပြင်ပ နှင့် ကျောင်းပတ်ဝန်းကျင်တွင်ဖြစ်ပေါ် လျှက်ရှိသော အနိုင်ကျင့်မှုတို့သည် လူမှုရေးဆိုင်ရာနှင့် ကျား/မလိင်ကွဲပြားမှုနှင့် ပတ်သတ်သော ရှေးရိုးစွဲ အယူအဆများမှ အများအားဖြင့်အခြေခံသည်။




## ဤ အကြမ်းဖက်မှုမှာမည်သည်ဖြစ်သနည်း။

ဤ အကြမ်းဖက်မှုသည် ကိုယ်ခန္ဓာ ၊စိတ်နှင့် လိင်ပိုင်းဆိုင်ရာ အနိုင့်ကျင့်သည့်ပုံစံများဖြစ်နိုင်သည်။




ကိုယ်ခန္ဓာကို ထိခိုက်စေသောပြစ်ဒဏ်ပေးခံရခြင်း

နှုတ်ဖြင့်စော်ကားခံရခြင်း

အနိုင်ကျင့်ခံရခြင်း

ကိုယ်ခန္ဓာကိုအကြမ်းဖက်ခံရခြင်း

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းနှင့် အနှောင့်အယှက်ပေးခံရခြင်း

အာရှ ပစိဖိတ်ဒေသတွင်  မိန်းကလေးများအနေဖြင့် လူမှုပတ်ဝန်းကျင်မှ ဖယ်ကျဉ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း နှင့် ကိုယ်ခန္ဓာကိုအကြမ်းဖက်ခံရခြင်းတို့ကို ပိုမိုခံရပြီး ယောကျာ်းလေးများ အနေဖြင့် ကိုယ်ခန္ဓာကို ထိခိုက်စေသောပြစ်ဒဏ်ပေးခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း နှင့် အခြား ကိုယ်ခန္ဓာကိုအကြမ်းဖက်ခံရခြင်း တို့ပိုမိုခံရသည်။ လိင်ပြောင်းထားသော ကျောင်းသား /သူများ ခံရသော အကြမ်းဖက်ခံရမှုနှင့်ပတ်သတ်၍ ဆွေးနွေးပြောဆိုခြင်း၊ မှတ်တမ်းတင်ထားခြင်းများအလွန်နည်းပါးသေးသည်။

## ဤ အကြမ်းဖက်မှုမှာ အဘယ်ကြောင့်ပြဿနာတရပ်ဖြစ်ရသနည်း။




### ပညာသင်ကြားရေးနှင့်ပတ်သတ်သော နောက်ဆက်တွဲများ

ဤ အကြမ်းဖက်မှုသည် ကျောင်းတက်ခြင်း၊ကျောင်းတွင်းလှုပ်ရှားမှုများတွင်ပါဝင်ခြင်း၊ အောင်မြင်သည့်ရလဒ်များရရှိခြင်း၊ ကျောင်းဆက်တက်ခြင်းတို့တွင် အနှုတ်လက္ခဏာဆောင်သော ထိရောက်မှုများရှိပြီး အထူးသဖြင့်မိန်းကလေးများတွင်ဖြစ်သည်။

### ကျန်းမာရေးနှင့်ပတ်သတ်သော နောက်ဆက်တွဲများ

အခြားနေရာများတွင်ကဲ့သို့ပင် ကျောင်းတွင် အကြမ်းဖက်ခံရပါက ကိုယ်ခန္ဓာ၊စိတ်နှင့်လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးများတွင် အကျိုးသက်ရောက်မှုရှိစေသည်။

### နောင်မျိုးဆက်များကို ကူးစက်စေသော အကြမ်းဖက်မှု

ငယ်ရွယ်စဉ်က အကြမ်းဖက်ခံခဲ့ရသော (သို့) တွေ့မြင်ခဲ့ရသော ယောကျာ်းလေးများသည်  အသက်ကြီးလာပါက အကြမ်းဖက်မှုလုပ်ဆောင်နိုင်ခြေပိုများသည်။

## ဤ အကြမ်းဖက်မှုနှင့် ပတ်သတ်၍ သင်မည်ကဲ့သို့လုပ်ဆောင်နိုင်သနည်း။



ကျောင်း၏ ကာကွယ်ပေးရေးမူဝါဒများကို မြှင့်တင်အားပေးခြင်း

ကျား/မ တန်းတူအခွင့်အရေးရရန် နှင့် အကြမ်မဖက်ရန်တို့ကို ကျောင်းသင်ခန်းစာများတွင်သင်ကြားပေးခြင်း

ပြဿနာများအဖြေရှာရာတွင် လူငယ်များကိုပါဝင်ခွင့်ပေးခြင်း

ကျောင်း ၊အိမ်နှင့် အခြားဝန်ဆောင်မှုပေးသော နေရာများအကြား ချိတ်ဆက်မှုကိုအားကောင်းစေခြင်း

UNGEI United Nations Girls' Education Initiative

အခြားနေရာများတွင်ကဲ့သို့ပင် ကျောင်းတွင် အကြမ်းဖက်ခံရပါက ကိုယ်ခန္ဓာ၊စိတ်နှင့်လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးများတွင် အကျိုးသက်ရောက်မှုရှိစေသည်။

အကယ်၍ သင်သည် ကျောင်းနှင့်သက်ဆိုင်သော ကျား/မ လိင်ပေါ်တွင်မူတည်၍ အကြမ်းဖက်မှု  ကိုခံခဲ့ရပါက (သို့) တွေ့မြင်ခဲ့ပါက ၊

သင်ယုံကြည်စိတ်ချသော တစ်ဦးတစ်ယောက်ထံမှ အကူအညီယူပါ။

United Nations Secretary-General's Campaign UNiTE to END VIOLENCE AGAINST WOMEN

Design by www.alikecreative.com
TH/DOC/HP2/14/035